# လစဉ်ခြုံငုံသုံးသပ်ချက်

## Monthly Overview

# မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဇူလိုင်လ ၂၀၂၃ ခုနှစ်

Human Right Foundation of Monland July,2023

## နိုင်ငံရေးအကျဉ်းသား (၄) ဦးကို ကြိုးပေးသတ်ဖြတ်သည့် တစ်နှစ်ပြည့်ကာလတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းအပါအဝင် နိုင်ငံတစ်ဝန်းလုံး၌ မတရားဖမ်းဆီးမှုများနှင့် သေဒဏ်ချမှတ်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး ချက်ချင်းအရေးယူတုံ့ပြန်ရန်လို၊ စစ်တပ်က ၎င်းတို့ကျူးလွန်နေသော ရာဇဝတ်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေဆဲဖြစ်

**ဇူလိုင်လ ၂၀၂၃**

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် အကြမ်းဖက်မှု မြင့်တက်လာခြင်းက ပြည်သူတို့၏အသက်ရှင်နေထိုင်ခွင့်ကို ထိပါးခြိမ်းခြောက်လာသည်။ ရမ်းသမ်းပစ်ခတ်မှုများ၊ အတင်းအဓမ္မရွှေ့ပြောင်းမှုများ၊ ပြည်သူတို့၏ ပိုင်ဆိုင်မှုများကို ဖျက်စီးမှုများ၊ မတရားဖမ်းဆီးမှုများနှင့် တရားမဲ့ချုပ်နှောင်ထိန်းသိမ်းမှုများစသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေပြီး နိုင်ငံတစ်ဝန်းလုံး မငြိမ်မသက်ဖြစ်နေသည်။ ဗမာစစ်တပ်မှ စစ်သားများသည် အပြစ်ပေးခံရမည်ကို စိုးရိမ်ကြောင့်ကြရန်မလိုဘဲ အထက်ပါချိုးဖောက်မှုများကို ပြောင်ပြောင်တင်းတင်းကျူးလွန်နေသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်လည်း ကြေညာချက်များသာ ထုတ်ပြန်ပြီး အရေးယူဆောင်ရွက်မှုတစ်စုံတရာ မရှိသဖြင့် စစ်ကောင်စီက အကြမ်းဖက်မှုများကို ပိုမိုရဲတင်းစွာ ဆက်လက်ကျူးလွန်နေသည်။ ပြည်သူလူထုက အကြမ်းဖက်မှုဒဏ်ကို အကြီးအကျယ်ခါးစည်းရင်ဆိုင်နေရပြီး နေရပ်အိုးအိမ်များကို စွန့်ခွာထွက်ပြေးကာ ဘေးလွတ်ရာများတွင် ခိုလှုံနေကြရသည်။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ပိုမိုဆိုးရွာလာသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မှတ်တမ်းတင်ကောက်ခံလျက်ရှိသည်။ ကွင်းဆင်းဝန်ထမ်းများက တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ကာ နိုင်ငံတစ်ဝန်းမှ သတင်းအချက်အလက်များကို ကောက်ခံနေသည်။ အခြေအနေနှင့် အခါအခွင့်သင့်သည့်အချိန်များတွင် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ရပ်တစ်ခုချင်းစီကိုလည်း အသေးစိတ်တင်ပြလျက်ရှိသည်။ ယခုဖော်ပြပါကိစ္စရပ်များသည် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကိုယ်တိုင်ကိုယ်ကျကောက်ခံရရှိထားသည့်စစ်ကောင်စီက ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်သည်။

ပြည်သူလူထုကို ပစ်မှတ်ထားသည့်တိုက်ခိုက်မှုများ အထူးသဖြင့် လေကြောင်းနှင့်လက်နက်ကြီးတိုက်ခိုက်မှုများက လူသားချင်းစာနာထောက်ထားမှုအကြပ်အတည်းကို ပိုမိုဆိုးရွားစေသည်။ ထောင်နှင့်ချီသော ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရပြီး အစားအစာ၊ သောက်သုံးရေ၊ ဆေးဝါးနှင့် အမိုးအကာအကူအညီများ အရေးပေါ်လိုအပ်နေသည်။ နေရပ်စွန့်ခွာတိမ်းရှောင်ရသူများတွင် အမျိုးသမီးနှင့် ကလေးသူငယ်များ အများဆုံးပါဝင်နေပြီး ၎င်းတို့သည် ယာယီစစ်ရှောင်စခန်းများတွင် ခေတ္တခိုလှုံနေကြရသည်။ စစ်ကောင်စီအနေဖြင့် မြို့ပြဒေသများတွင်လည်း တိုက်ခိုက်မှုများ ပြုလုပ်ရန် ဝန်မလေးချေ။ အမျိုးသမီးနှင့် ကလေးသူငယ်များသည် ထိခိုက်လွယ်သောသူများဖြစ်သော်လည်း စစ်ကောင်စီက လက်နက်မဲ့ပြီး ခုခံကာကွယ်နိုင်စွမ်းအားနည်းသည့်၎င်းတို့အပေါ် ရက်ရက်စက်စက်တိုက်ခိုက်နေသည်။

ယခုလဖြစ်သော ၂၀၂၃ ဇူလိုင်လသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအပါအဝင် လူပုဂ္ဂိုလ် (၄) ဦးကို ၎င်းတို့၏ဒီမိုကရေစီလှုပ်ရှားမှုအတွက် စစ်ကောင်စီက အမှန်တကယ်ကြိုးပေးသတ်ဖြတ်ခဲ့သော တစ်နှစ်ပြည့်မြောက်သည့် အချိန်ကာလဖြစ်သည်။ လူ့အသက်ကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့်သတင်းကို စစ်ကောင်စီက နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့သည်။ ၎င်းတို့ကို ကြိုးပေးသတ်ဖြတ်မည်ကို မိသားစုဝင်များအား ကြိုတင်အသိပေးခြင်း မရှိဘဲ သတင်းစာတွင် ထုတ်ပြန်ဖော်ပြမှသာ မိသားစုဝင်များနှင့် ပြည်သူများက သိရှိခဲ့ရပြီး ယူကျုံးမရ ဝမ်းနည်းပူဆွေးခဲ့ရသည်။

## ဇူလိုင်လ ၂၀၂၃

မအောင်မြင်သောအာဏာသိမ်းမှုနောက်ပိုင်း စစ်ကောင်စီက လူပေါင်း (၁၀၀) ကျော်ကို သေဒဏ်ချမှတ်ခဲ့ပြီးဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)က အဆိုပါကြိုးပေးသတ်ဖြတ်မှုသည် စစ်ကောင်စီအလိုကျဖွဲ့စည်းထားသည့် တရားဝင်ခြင်းမရှိသောတရားရုံး၏ ရက်စွဲ့ရွဲ့ရှာဖွယ်ဆုံးဖြတ်ချက်သာဖြစ်သည်ဟု ပြောဆိုခဲ့သည်။ မတရားဖမ်းဆီးထိန်းသိမ်းထားသူများကို တရားစီရင်ရာတွင် ပြည်သူလူထု နှင့် သတင်းမီဒီယာများကို ကြည့်ရှုကြားနာခွင့် မပေးခဲ့ချေ။ တရားသူကြီးများအားလုံးသည်လည်း စစ်တပ်က ခန့်အပ်ထားသူများသာဖြစ်ပြီး တရားဥပဒေစိုးမိုးရေးကို ဂရုစိုက်အလေးထားသူများ မဟုတ်ကြချေ။

စစ်တပ်က ကြိုးပေးသတ်ဖြတ်မှုကို အမှန်တကယ် အကောင်အထည်ဖော်ခဲ့ခြင်းသည် ဒီမိုကရေစီလှုပ်ရှားမှုကို လုံးဝသည်းခံမည်မဟုတ်ကြောင်း သတိပေးလိုက်ခြင်း ဖြစ်သည်။ ရက်စက်သည့်သတ်ဖြတ်မှုအပြီးတွင် စစ်တပ်၏လူမဆန်သည့်လုပ်ရပ်ကို နိုင်ငံတကာအသိုင်းအဝိုင်းက ပြစ်တင်ဝေဖန်ရန် တက်ကြွလှုပ်ရှားသူများ၏တောင်းဆိုမှုများက ပိုမိုကျယ်လောင်လာသည်။ လူ့အခွင့်အရေးချိုးဖောက်မှုကို ထမင်းစားရေသောက်ကျူးလွန်နေသည့်စစ်တပ်၏ တာဝန်ယူမှုကင်းမဲ့ပုံကို ယခုဖြစ်ရပ်ကဲ့သို့သော တရားမျှတမှုမရှိသည့်လုပ်ရပ်က သက်သေပြနေသည်။

စစ်တပ်က နိုင်ငံတစ်ဝန်းလုံး၌ အကြမ်းဖက်မှုကို ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်နေချိန်တွင် အာဆီယံကာကွယ်ရေးဝန်ကြီးများ၏(ထပ်ပေါင်း)အစည်းအဝေး၏ ကျွမ်းကျင်သူပညာရှင်အလုပ်အမှုဆောင်အဖွဲ့က ၎င်းတို့၏အကြမ်းဖက်မှုတန်ပြန်ရေးသင်တန်းတွင် ဗမာစစ်တပ်ကို ပါဝင်လေ့ ကျင့်စေရန် ခွင့်ပြုခဲ့သည်။ ရုရှနှင့် ဗမာစစ်တပ်မှ စစ်ဦးစီးချုပ်များက အဆိုပါသင်တန်းကို ဩဂုတ်နှင့် စက်တင်ဘာလများတွင် ပြုလုပ်မည်ဖြစ်သည်။ စစ်အာဏာရှင်အချင်းချင်း အားပေးကူညီမှုဖြစ်သည့် ရုရှက မြန်မာနိုင်ငံကို ကူညီထောက်ပံ့မှုသည် မြန်မာပြည်သူပြည်သားများ၏ သဘောထားဆန္ဒ

နှင့် အကြမ်းဖက်မှုရပ်တန့်ရန် တောင်းဆိုနေသော ၎င်းတို့၏အသံနှင့် ဆန့်ကျင်နေသည်။ မြန်မာနိုင်ငံတွင် အရှည်ကြာဆုံးပြည်တွင်းစစ် ဖြစ်ပွားနေပြီး သန်းနှင့်ချီသောပြည်သူများမှာ စစ်တပ်၏ရက်စက်မှုနှင့် တိုင်းပြည်အာဏာကို မတရားလုယူထားမှုတို့ကို ဆယ်စုနှစ် (၇) ခုကျော် ရင်ဆိုင်ကြုံတွေ့နေရသည်။ စစ်တပ်၏ မတော်လောဘက ၎င်းတို့ကို မည်သည့်အခြေအနေကိုမျှ တည်ငြိမ်စွာကိုင်တွယ်နိုင်စွမ်းမရှိအောင် ဖြစ်စေခဲ့သည်။ ရုရှ၊ အိန္ဒိယ၊ တရုတ်နိုင်ငံနှင့် အခြား Track 1.5 နိုင်ငံများစသည့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်ကောင်စီကို အားပေးကူညီခြင်းသည် မတရားအာဏာလုယူမှုကို တရားဝင်အောင်လုပ်နေခြင်းဖြစ်သည်ကို သတိချပ်စေလိုသည်။

“အကြမ်းဖက်မှုတန်ပြန်ရေး” သင်တန်းကို အာဏာရှင်နိုင်ငံ (၂) ခုကို ဦးဆောင်ခွင့်ပြုစေခြင်းသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းနှင့် အခြားလူ့အခွင့်အရေးစာချုပ်များကို ချိုးဖောက်ရာရောက်နေသည်။ အကြမ်းဖက်မှုအဆုံးသတ်ရန်နှင့် ဒီမိုကရေစီနည်းကျရွေးကောက်ခံထားရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို အာဏာပြန်လည်အပ်နှင်းရန် ကြိုးပမ်းနေသည့် ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများကို အကြမ်းဖက်သူများဟု စစ်ကောင်စီက တံဆိပ်ကပ်ကာ ပစ်မှတ်ထားဖိနှိပ်နေသည်။

အကြမ်းမဖက်သည့်ပြည်သူလူထုကိုစစ်ကောင်စီက တိုက်ခိုက်နေခဲ့သည်မှာ ဆယ်စုနှစ်များစွာပင် ရှိခဲ့ပြီဖြစ်သည်။ အထူးသဖြင့် လူနည်းစုတိုင်းရင်းသားများအနေဖြင့် ကျယ်ပြန့်ပြီးစနစ်ကျသည့် ခွဲခြားဖိနှိပ်မှုများကို ခံစားခဲ့ရသည်။ ရလဒ်အနေဖြင့် တိုင်းရင်းသားပြည်သူအမြောက်အမြား နေရပ်စွန့်ခွာထွက်ပြေးနေရ

## ဇူလိုင်လ ၂၀၂၃

ပြီး စစ်တပ်၏ နယ်မြေရှင်းလင်းရေးစီမံချက်က ၎င်းတို့၏တည်ရှိမှုကို ဖျောက်ဖျက်ပစ်ရန် ကြိုးစားနေသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းနယ်မြေဖြစ်သည့် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် စစ်တပ်က ပြည်သူလူထုကို ပစ်မှတ်ထားတိုက်ခိုက်နေသည်။ ၂၀၂၃ ဇူလိုင်လဆန်းပိုင်း ကရင်ပြည်နယ်ကော့ကရိတ်မြို့နယ်တွင် စစ်ကောင်စီ၏လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သဖြင့် အရပ်သား (၁) ဦး သေဆုံးကာ (၃) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။

ထိုရက်မတိုင်ခင် ဇွန်လ (၂၈) ရက်နေ့ ညနေ (၅) နာရီခွဲအချိန်ခန့်တွင် ကော့ကရိတ်အခြေစိုက်စစ်ကောင်စီတပ်စခန်း၏ ပစ်ခတ်မှုကြောင့် မြို့ပေါ်တွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။ ၁၂၀-မမ လက်နက်ကြီးတစ်ခုသည် လူနေအိမ်အနီးတွင် ကျရောက်ပေါက်ကွဲခဲ့သည်။

“သူတို့စခန်း အတိုက်ခံရမှာစိုးလို့ စစ်တပ်က လက်နက်ကြီးတွေ နေ့တိုင်းပစ်နေတာ။ ပထမတော့ သုံးလုံး ပစ်တယ်။ နောက်တော့ နောက်ထပ်နှစ်လုံး ထပ်ပစ်တယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အသက် (၅၀) အရွယ် ဦးစိုးမြင့်မှာ အခင်းဖြစ်ရာတွင်ပင် သေဆုံးခဲ့သည်။ အမျိုးသမီး (၂) ဦးနှင့် အခြားအမျိုးသား (၁) ဦးလည်း ထိခိုက်ဒဏ်ရာရခဲ့သည်။ ထိခိုက်ဒဏ်ရာရသူများကို ကယ်ဆယ်ရေးအသင်းအကူအညီဖြင့် ကော့ကရိတ်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ နေအိမ် (၂) လုံးနှင့် မော်တော်ဆိုင်ကယ် (၁) စီး ပျက်စီးခဲ့ရသည်။

အနီးအနားဝန်းကျင်နှင့် ကျေးရွာများတွင် လက်နက်ကြီးမကြာခဏကျရောက်ပေါက်ကွဲနေသဖြင့် ကော့ကရိတ်ဒေသခံများသည် အသက်အန္တရာယ်ခြိမ်းခြောက်မှုနှင့် မလုံခြုံမှုတို့ကို ရင်ဆိုင်ကြုံတွေ့နေရသည်။ မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း စစ်တပ်၏တိုက်ခိုက်မှုက ပိုမိုများပြားလာသည်။

၎င်းပြင် ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များရှိ အခြားကျေးရွာ (၂) ရွာကိုလည်း စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း မြေပြင်သတင်းထောက်များက ပြောသည်။ အဆိုပါတိုက်ခိုက်မှုတွင် အရပ်သား (၁) ဦး သေဆုံးပြီး (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဇွန်လ (၃၀) ရက်နေ့ ည (၈) နာရီ မိနစ် (၅၀) အချိန်တွင် ကြာအင်းဆိပ်ကြီးအခြေစိုက် ခမရ (၂၈၃) က တဂေကျေးရွာကို ၁၂၀-မမ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်သည် ရာဘာခြံတစ်ခုအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် တဂေရွာသား အသက် (၄၄) နှစ်အရွယ် စောစိုးလင်း သေဆုံးခဲ့သည်။

ဇွန်လ (၃၀) ရက်နေ့ ညနေ (၇) နာရီ မိနစ် (၂၀) တွင်လည်း ခမရ (၂၇၅) က မဲကနယ်ကျေးရွာကို ၁၂၀-မမ လက်နက်ကြီးဖြင့် (၄) ကြိမ် ပစ်ခတ်ခဲ့ရာ အသက် (၇၆) နှစ်အရွယ် နော်မငိုနှင့် အသက် (၁၀) နှစ်အရွယ် နော်အဲဖော့ကလီတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စစ်တပ်အနေဖြင့် ကရင်အမျိုးသားအစည်းအရုံး(KNU) ထိန်းချုပ်ရာ ကျေးရွာများရှိ အရပ်သားပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်လာသည်။ ဒေသခံပြည်သူများမှာ ထိတ်လန့်ကြောက်ရွံ့ပြီး အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည်။

“လက်ရှိမှာတော့ ရွာလေးငါးရွာက လူထောင်ချီ ထွက်ပြေးနေရတယ်။ မိုးတွင်းကာလဆိုတော့ အစားအစာနဲ့ အမိုးအကာတွေ အရေးပေါ်လိုအပ်နေတယ်။ ရွာပြန်ရင်လည်း လက်နက်ကြီးကြောင့် ဘယ်အချိန်သေမလဲမသိတော့ မပြန်ရဲကြသေးဘူး” ဟု မြေပြင်ထောက်ပံ့ရေးအဖွဲ့သားတစ်ဦးက စစ်ဘေးရှောင်ပြည်သူများ ကြုံတွေ့နေရသည့်ဒုက္ခများကို ပြောပြသည်။

## ဇူလိုင်လ ၂၀၂၃

အမှတ် (၄၄) တပ်ရင်းက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျေးရွာများကို လက်နက်ကြီးဖြင့် အဆက်မပြတ်ပစ်ခတ်နေသည့်အပြင် မြေမြှုပ်မိုင်းများကိုလည်း အသုံးပြုနေသည်။ ဇူလိုင်လ (၁၃) ရက်နေ့တွင် လက်နက်ကြီးကြောင့် ကလေးငယ် (၁) ဦး သေဆုံးခဲ့ပြီး သီလရှင် (၁) ပါး ထိခိုက်ဒဏ်ရာရခဲ့သည်။ ဘာသာရေးအဆောက်အဦးများနှင့် လူနေအိမ်များ ထိခိုက်ပျက်စီးခဲ့သည်။

နောက်တစ်ရက်ဖြစ်သည့် ဇူလိုင်လ (၁၄) ရက်နေ့တွင် မုပ္ပလင်လမ်းဆုံရှိ အမှတ် (၄၄) တပ်ရင်း၏ စစ်ဆေးရေးဂိတ်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ မုပ္ပလင်ကျေးရွာ အေးဘုရားဘုန်းတော်ကြီးကျောင်းအတွင်း လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သည်။ အဆောက်အဦး (၂) လုံး ထိခိုက်ပျက်စီးခဲ့သည်။ (၆၁) နှစ်အရွယ် ဒေသခံတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းကို ညောင်ခါးရှည်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။အမှတ် (၄၄) တပ်ရင်းက ကျိုက်ထိုမြို့နယ် ငှက်ပျောတောကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် ဇူလိုင်လ (၇) ရက်နေ့မှ (၁၄) ရက်နေ့အတွင်း လူနေအိမ် (၈) လုံး၊ မော်တော်ကား (၂) စီးနှင့် ဈေးဆိုင် (၂) ဆိုင် ထိခိုက်ပျက်စီးခဲ့သည်။

“အကုန်လုံး ထွက်ပြေးနေရတာပဲ” ဟု ဒေသခံရွာသားတစ်ဦးက ပြောသည်။

“စစ်တပ်က ဒီဘက်ဒေသမှာ စစ်ဆေးရေးဂိတ်တွေ ဖွင့်တယ်။ ဂိတ်တွေ များလာလေ ရွာသားတွေက ပိုက်ဆံပိုပေးရလေပေါ့။ အစားအစာတွေ ရိက္ခာတွေသယ်တာကိုလည်း ကန့်သတ်လာတယ်။ ဆန်ဆိုရင် ပိုက်ဆံပေးပြီးမှပဲ သယ်လို့ရတော့တယ်။ သူတို့က နေ့တိုင်းငွေညှစ်နေတော့ ကျွန်တော်တို့မှာ ပေးစရာမရှိတော့ဘူး။ စစ်ဘေးကလည်း ပြေးနေရတော့ အသက်မွေးဝမ်းကျောင်းဖို့ အတော်လေးခက်လာတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

စစ်တပ်က ပြည်သူများကို နှိပ်စက်သတ်ဖြတ်ရန် အသုံးစရိတ်များကို လက်လွတ်စပယ် တာဝန်မဲ့စွာ သုံးစွဲနေကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းနှင့် အခြားသောလူ့အခွင့်အရေးအဖွဲ့များက ကောက်ခံရရှိထားသည့် ဒါဇင်ပေါင်းများစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများက သက်သေခံလျက်ရှိသည်။ ရုရှနှင့် ဗမာစစ်တပ်က ဦးဆောင်ကျင်းပသည့် သင်တန်းက အပြစ်မဲ့ပြည်သူများ၏ ထိခိုက်နစ်နာမှုများကို မျက်ကွယ်ပြုနေပြီး အခြေအနေများကို ပိုမိုဆိုးရွားစေမည်ဖြစ်သည်။ အဆိုပါသင်တန်း မဖြစ်မြောက်ရန်အတွက် အားလုံးက သင်တန်းကို အသိအမှတ်မပြုဘဲ သပိတ်မှောက်ရမည်ဖြစ်သည်။

စစ်ကောင်စီ၏ တပ်သားများအနေဖြင့် ပြည်သူများနေထိုင်ရာအရပ်ဒေသများမှ အမြန်ဆုံးထွက်ခွာသွားရန်၊ တရားမျှတမှုပြန်လည်ရရှိရန် စစ်ကောင်စီကို နိုင်ငံတကာရာဇဝတ်မှုခုံရုံး(ICC)သို့ ချက်ချင်းပို့ဆောင်ရန်နှင့် နိုင်ငံတစ်ဝန်းရှိ ထိခိုက်နစ်နာသူပြည်သူများအတွက် ပြန်လည်ကုစားရေးအစီအစဉ်များ စတင်ရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ထပ်ခါထပ်ခါ တိုက်တွန်းတောင်းဆိုလိုက်သည်။


## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးသတင်းမှတ်တမ်းပြုစုလေ့လာသူများအနေဖြင့် မွန်၊ ကရင် နှင့်  တနင်္သာရီတိုင်းဒေသရှိ ပစ်မှတ်ဒေသများတွင် စစ်အုပ်စုတို့မှ ကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းတင်ခြင်းကို အန္တရာယ်အတားအဆီးများကြား ဆက်လက်ဆောင်ရွက်နေပါသည်။

မတရားဖမ်းဆီးခံမှု ၇၂ ဦး ၊ ထိန်းသိမ်းခံရသူ ၅၃ ဦး၊ ဒဏ်ရာရသူများ ၇၁ ဦး၊ သေဆုံး/ သတ်ဖြတ်ခံရသူများ ၂၇ ဦး

## မွန်ပြည်နယ်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မတရားဖမ်းဆီးခံရမှု ၊ သတ်ဖြတ်ခံရမှု နှင့် ဒဏ်ရာရရှိခဲ့မှု အခြေအနေများ

**ဇူလိုင်လ ၂၀၂၃**




# 3+

**စစ်အစိုးရက ပစ်မှတ်ထားသည့် ဒီမိုကရေစီ တက်ကြွလှုပ်ရှားသူများ**

# 11

၂၀၂၃ ဇူလိုင်လ မှတ်တမ်းတင်နယ်မြေအတွင်း အသံတိတ်
သပိတ် စုစုပေါင်းအရေအတွက်

| 8 | 2 | 1 |
|---|---|---|
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

## ၅၇၅၀၀+

## နေရပ်မှ အတင်းအဓမ္မစွန့်ခွာ ထွက်ပြေးရသူများစာရင်း

**ပစ်မှတ်ထားဖိနှိပ်ချိုးဖောက်ခံကြရသည့် ဒေသခံပြည်သူများစာရင်း (မွန်၊ ကရင် နှင့် တနင်္သာရီတိုင်းဒေသကြီး)**

| 5+ | 3+ | 8+ |
|---|---|---|
| အာဏာဖီဆန်ရေးပြည်သူလှုပ်ရှားမှုတွင် ပါဝင်လှုပ်ရှားဆောင်ရွက်သည့်အတွက် အလုပ်မှထုတ်ပယ် ခံရသူများစာရင်း | တက်ကြွလှုပ်ရှားသူများ သပိတ်မှောက်ဆန္ဒပြမှုများတွင် ပါဝင်သူများအား အာဏာသိမ်းအုပ်စုတို့မှ ပြစ်ဒဏ်ချမှတ်သည့် စာရင်း | ဇူလိုင်လအတွင်း ပျောက်ဆုံးနေသူများ စာရင်း |

# 150+

မှတ်တမ်းတင်နယ်မြေများအတွင်း စစ်အုပ်စုက
ရှောင်တခင် ပိတ်ဆို့စစ်ဆေးပြီး
မတရားငွေကြေးတောင်းခံသည့် အမှုများ

**140+**

ပျက်စီးဆုံးရှုံးမှု နေအိမ်များ



**50+**

မီးလောင်ကျွမ်းမှု နေအိမ်များ

**85+**

တနင်္သာရီတိုင်းဒေသကြီး မြောက်ပိုင်းနှင့် မွန်ပြည်နယ်တောင်ပိုင်းဒေသအတွင်း မော်တော်ဆိုင်ကယ် အသိမ်းခံရမှု အရေအတွက်

**22+**

လူ့အခွင့်အရေးမှတ်တမ်းတင် ပစ်မှတ်ဒေသအတွင်း ညအချိန် ဝင်ရောက်စီးနင်းရှာဖွေမှုနှင့် မတရားစွပ်စွဲဖမ်းဆီးခံရသည့် အရေအတွက်

**24+**

မတရားဖမ်းဆီးချုပ်နှောင်ထားသူများအား စစ်အုပ်စုက ငွေဖြင့် ရွေးယူစေသော အမှုများ



**14+**

မြန်မာနိုင်ငံ အရှေ့တောင်ဒေသအတွင်း လေကြောင်းတိုက်ခိုက်ခံရမှု အရေအတွက်

### ကရင်ပြည်နယ်

- IDP 22,500 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 23 ဦးခန့်
- သေဆုံးသူ 9 ဦးခန့်

### မွန်ပြည်နယ်

### တနင်္သာရီ တိုင်းဒေသကြီး

ဇွန်လအကုန်မှစ၍ မုဒုံမြို့နယ် အဘစ်ကျေးရွာအခြေစိုက် အမှတ် (၃၁၈) အမြောက်တပ်ရင်းက လက်နက်ကြီးဖြင့် နေ့စဉ်ပစ်ခတ်တိုက်ခိုက်နေသဖြင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်-တံခွန်တိုင်၊ ပုလိန်နှင့် ငြိမ်းချမ်းမြိုင်ကျေးရွာများမှ ဒေသခံပြည်သူအယောက် (၁,၀၀၀) ကျော်သည် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည်။

အနီးအနားကျေးရွာများတွင် လက်နက်ကြီးကျည်များ မကြာခဏကျရောက်ပေါက်ကွဲနေသည်။ မည်သည့်အချိန်၌ လက်နက်ကြီးကျလာမည်ကို မခန့်မှန်းနိုင်ကြောင်း၊ ၎င်းတို့အနေဖြင့် ဘေးလွတ်ရာကို တိမ်းရှောင်နေရကြောင်း စစ်ရှောင်စခန်းတစ်ခုတွင် နေထိုင်နေရသည့် တံခွန်တိုင်ကျေးရွာမှ ကလေး (၅) ယောက်အမေ စစ်ရှောင်ပြည်သူတစ်ဦးက ပြောသည်။ ကရင်အမျိုးသားအစည်းအရုံး၏ ထုတ်ပြန်ချက်များတွင်လည်း စစ်ကောင်စီက ပြည်သူများကို ပစ်မှတ်ထားကာ ကျေးရွာနှင့် အနီးပတ်ဝန်းကျင်များကို လက်နက်ကြီးဖြင့် နေ့စဉ်ပစ်ခတ်နေကြောင်း ဖော်ပြထားသည်။ ပုလိန်၊ ခလယ်၊ တံခွန်တိုင်နှင့် နန်းသိုင်းထွန်း ကျေးရွာများမှ ဒေသခံပြည်သူအယောက် (၁,၀၀၀) နီးပါးသည် ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်နေရသည်။

အရေးပေါ်ကယ်ဆယ်ရေးအသင်းတစ်ခု၏ ပြောကြားချက်အရ စစ်ရှောင်ပြည်သူများအနေဖြင့် အသက်မွေးကျောင်းလုပ်ကိုင်ရန် အလွန်ခက်ခဲနေပြီး မိုးဆက်တိုက်ရွာသွန်းနေမှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် အကူအညီအထောက်အပံ့များ အရေးပေါ်လိုအပ်နေသည်။

“မိုးရာသီဆိုတော့ အကူအညီလိုနေတဲ့သူတွေဆီကို ရောက်ဖို့ခက်တယ်။ ကလေးတွေဆိုရင် သွေးလွန်တုပ်ကွေးဖြစ်မှာစိုးရိမ်နေရသလို ရာသီတုပ်ကွေးကလည်း ရှိသေးတယ်။ ဒါကြောင့် အစားအစာ၊ ဆေးဝါးနဲ့ ဆေးအဖွဲ့အကူအညီတွေ တကယ်လိုအပ်နေတယ်” ဟု ဒေသခံအရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့တစ်ခုက ပြောသည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၏ထုတ်ပြန်ချက်အရ စစ်ကောင်စီတပ်များက ပြီးခဲ့သည့်ရက်ပိုင်းတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်-တံခွန်တိုင်ကျေးရွာများသို့ ဝင်ရောက်လာသဖြင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲများဖြစ်ပွားနေသည်။ စစ်ကောင်စီတပ်၏ထိုးစစ်ကြောင့် ဒေသခံပြည်သူအယောက် (၃,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။

အင်အား (၁၅၀) နီးပါးရှိသည့် စစ်ကြောင်းသည် ပြီးခဲ့သည့် ဇူလိုင်လ (၁၄) ရက်နေ့မှစတင်၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ကာ ကျိုက်ထိုမြို့နယ် ငှက်ပျောတောနှင့် အလူးကျေးရွာများတစ်ဝိုက်တွင် စစ်ကြောင်းထိုးလာသည်။ ဇီးကုန်း၊ ပိတောက်တော၊ ချမ်းမြေ့၊ ငှက်ပျောတော၊ ကရဝေးဆိပ်နှင့် ရှမ်းစုကျေးရွာများမှ လူဦးရေ (၃,၁၀၀) ခန့်ရှိသည့် အိမ်ထောင်စု (၇၀၀) နီးပါးသည် စစ်ကြောင်းဝင်ရောက်လာသဖြင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။

“စစ်သားတွေ ရောက်လာတော့ ထွက်ပြေးရတာပေါ့။ ခုက မိုးကလည်း ဆက်တိုက်ရွာနေတယ်။ သက်ကြီးရွယ်အိုနဲ့ ကလေးတွေက ပိုဒုက္ခရောက်တယ်။ လုံခြုံတဲ့ ခိုလှုံစရာရဖို့ အတော်လေးကို အခက်အခဲဖြစ်နေတယ်” ဟု ဇီးကုန်းရွာမှ စစ်ရှောင်ပြည်သူတစ်ဦးက ပြောသည်။

စစ်ရှောင်ပြည်သူများသည် ဥယျာဉ်ခြံနှင့် တောတောင်များတွင် ယာယီအမိုးအကာလုပ်ကာ ပုန်းအောင်းနေရပြီး အစားအစာနှင့် ဆေးဝါးရရှိရန် ရုန်းကန်နေရသည်။

“တိုက်ပွဲမရှိလည်း ရွာတွေထဲကို လက်နက်ကြီးနဲ့ အကြောင်းမဲ့ပစ်ခတ်နေတာပဲ။ ဘယ်သူမှ မနေရဲတော့ဘူး။ ရွာ (၈) ရွာက လူအယောက် (၄,၀၀၀) လောက်ရှိတယ်။ အမျိုးသမီး (၁) ယောက်လည်း လက်နက်ကြီးမှန်ထားတယ်” ဟု သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးမှ အတွင်းရေးမှူးဖြစ်သူ ဘဒိုစောအေးနိုင်က ပြောသည်။

စစ်ရှောင်ပြည်သူအများစုမှာ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ထွက်ပြေးလာခဲ့ရသဖြင့် အစားအသောက်ကအစ ခက်ခဲနေသည်။ ဇူလိုင်လ (၁၆) ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲထပ်မံဖြစ်ပွားခဲ့ပြီး ပြည်သူ (၃) ဦးကို စစ်တပ်က ပစ်သတ်ခဲ့ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်ထားသည်။

ကျိုက်ထိုမြို့နယ်တွင် ဇူလိုင်လဆန်းမှစ၍ တိုက်ပွဲများထပ်မံဖြစ်ပွားခြင်း မရှိသော်လည်း စစ်ကောင်စီတပ်က လူနေကျေးရွာများအတွင်းသို့ လက်နက်ကြီးများနေ့စဉ်နှင့်အမျှ ပစ်ခတ်နေသည်။ လူနေအိမ်နှင့် ဘာသာရေးအဆောက်အဦးအလုံး (၂၀) ခန့် ထိခိုက်ပျက်စီးခဲ့သည်။ သထုံမြို့နယ် ကျေးရွာ (၈) ရွာမှ ဒေသခံပြည်သူအယောက် (၄,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်ထားသည်။

ဇူလိုင်လ (၂၁) ရက်နေ့ မနက်ပိုင်းမှစတင်၍ သထုံမြို့နယ် အခြေစိုက် အမှတ် (၂၀၇) အမြောက်တပ်ရင်းက ကဇိုင်းနှင့် အနီးအနားကျေးရွာများကို လက်နက်ကြီးများဖြင့် တစ်နေ့လုံးပစ်ခတ်နေသည်။ အသက် (၃၅) နှစ်အရွယ် ဒေါ်မဝင်းသည် လက်နက်ကြီးကျည်ကြောင့် ညာဘက်ခြေထောက်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ကျုံမိန်းကျေးရွာတွင်လည်း လက်နက်ကြီးကျည် (၇) လုံး ကျရောက်ပေါက်ကွဲခဲ့သည်။

စစ်ရှောင်ပြည်သူများအနေဖြင့် ဘုန်းတော်ကြီးကျောင်း အနီးအနားရှိ တောအုပ်များတွင် ပုန်းအောင်းနေရပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများ အရေးပေါ်လိုအပ်နေသည်ဟု သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးမှ အရာရှိများက ပြောသည်။ ဇူလိုင်လ (၁၄) ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ကျိုက်ထိုမြို့နယ်သို့ စစ်ကြောင်းထိုးဝင်ရောက်လာသဖြင့် ကျေးရွာ (၅) ရွာမှ ဒေသခံပြည်သူအယောက် (၃,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်ရပြန်သည်။

“တိုက်ပွဲမရှိလည်း ရွာတွေထဲကို လက်နက်ကြီးနဲ့ အကြောင်းမဲ့ပစ်ခတ်နေတာပဲ။ ဘယ်သူမှ မနေရဲတော့ဘူး။ ရွာ (၈) ရွာက လူအယောက် (၄,၀၀၀) လောက်ရှိတယ်။ အမျိုးသမီး (၁) ယောက်လည်း လက်နက်ကြီးမှန်ထားတယ်”

ကရင်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

**မွန်ပြည်နယ်**

- IDP 9,500+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 9 ဦးခန့်
- သေဆုံးသူ 7 ဦးခန့်

မွန်ပြည်နယ်မှ ပြည်သူများသည် လက်နက်ကြီးကြောင့် ထိခိုက်သေဆုံးရမည်ကို အမြဲတစေစိုးရိမ်ပူပန်နေရသည်။ မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာအခြေစိုက် ခမရ (၃၁) က ရွာသူရွာသားများကို ရာဘာ၊ ဒူးရင်းနှင့် ကွမ်းသီးခြံများတွင် နေထိုင်လုပ်ကိုင်ခြင်း မပြုရန် သတိပေးတားမြစ်ထားသည်။

*"ခမရ (၃၁) က အိမ်မှာပဲနေကြဖို့ လော်စပီကာနဲ့ လိုက်ကြေညာထားတယ်။ ခြံထဲကနေ ချက်ချင်းထွက်သွားကြဖို့ ပြောတယ်"* ဟု ခေါဇာဒေသခံတစ်ဦးက ပြောသည်။

၂၀၂၃ ဇွန်လ (၁၆) ရက်နေ့ ညနေ (၃) နာရီ (၁၃) မိနစ်အချိန်တွင် ခမရ (၃၁) က မွန်ပြည်နယ် ရေးမြို့နယ် တောင်ပိုင်း ခေါဇာမြို့နယ်ခွဲ ကျောက်အိုင်(ဝင်းတမော့) ကျေးရွာကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သဖြင့် ဒေသခံအမျိုးသမီး (၁) ဦး သေဆုံးခဲ့သည်။

ဇွန်လ (၂၀) ရက်နေ့တွင် မွန်ပြည်သစ်ပါတီက သေဆုံးသူ၏နေအိမ်သို့ သွားရောက်ပြီး ငွေကြေးအကူအညီများ ပေးအပ်ခဲ့သည်။ မွန်ပြည်သစ်ပါတီ၏လုပ်ရပ်ကို ပြည်သူများက ပြစ်တင်ဝေဖန်ခဲ့ပြီး စစ်ကောင်စီနှင့်ပတ်သက်သော ၎င်းတို့၏ရပ်တည်ချက်ကို မေးခွန်းထုတ်နေကြသည်။

*"မွန်ပြည်သစ်ဒေသမှာ တော်လှန်ရေးအဖွဲ့တွေလည်း လှုပ်ရှားနေတယ်။ ဗမာစစ်တပ်ကလည်း ရွာသားတွေကို နှိပ်စက်နေတယ်။ ပစ်သတ်တာတွေ လုပ်နေတယ်။ မွန်ပြည်သစ်ပါတီကတော့ ငွေကြေးအကူအညီပဲ ပေးနေတယ်။ သူတို့က ပရဟိတအဖွဲ့နဲ့ တူနေပြီ။ တော်လှန်ရေးအဖွဲ့တစ်ခုအနေနဲ့ဆို ဒီလိုအကူအညီမျိုးလောက်နဲ့ မလုံလောက်ဘူးလေ။ ပြည်သူနဲ့အတူ ရပ်တည်ပြီး (စစ်ကောင်စီကို) ပြတ်ပြတ်သားသား တုံ့ပြန်ရမယ်"* ဟု ခေါဇာဒေသခံတစ်ဦးက ပြောသည်။

ဇွန်လ (၁၅) ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်များက သံဖြူဇရပ်-ရေး-ထားဝယ် အဝေးပြေးလမ်းမကြီးကို ထိန်းချုပ်ကြောင်း ကြေညာခဲ့သည်။ ဇွန်လ (၂၀) ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်များ လှုပ်ရှားနေသည့် မွန်ကျေးရွာများ၌ နိုင်ငံတော်အလံကို ဖြုတ်ချပြီး ကရင်အမျိုးသားအစည်းအရုံး၏အလံကို လွှင့်တင်ခဲ့ကြောင်း သံဖြူဇရပ်မြို့နယ်မှ သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

*"ကနီမှာရော ရေးမှာပါ လူတွေ အသတ်ခံလိုက်ရတဲ့ကိစ္စ (၂) ခုစလုံးမှာ မွန်ပြည်သစ်ပါတီက ပုံစံအတူတူပဲ လုပ်ခဲ့တယ်။ ငွေကြေးအကူအညီပေးမယ်၊ ကြေညာချက်ထုတ်မယ်။ စစ်ရေးအရ တုံ့ပြန်တာမျိုး မတွေ့ရဘူး။ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတစ်ခုအနေနဲ့ ကိုယ့်ပြည်သူတွေ ကျေနပ်ဖို့ဆိုရင် သူတို့ကို လက်နက်နဲ့ ကာကွယ်ပေးနိုင်ရမယ်"* ဟု ရေးတောင်ပိုင်း ဖာလိန်ဒေသမှ ရွာသားတစ်ဦးက ပြောသည်။ လက်ရှိတွင် အခြေအနေများ ရှုပ်ထွေးနေခြင်းကြောင့် ပြည်သူများအနေဖြင့် မည်သည့်အဖွဲ့အစည်းကို ယုံကြည်အားကိုးရမည်ကို မသိရှိကြောင်း သိရသည်။

ပိုမိုဆိုးရွားလာသည့် လက်နက်ကိုင်တိုက်ပွဲများအကြားတွင် ပြည်သူများ ထိခိုက်သေဆုံးနေရသည်။ ဇူလိုင်လ (၇) ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရွှေရောင်ပြကျေးရွာကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ လူ (၆) ဦး ထိခိုက်ခဲ့သည်။ အမှတ် (၃၁၄) အမြောက်တပ်၏ပစ်ခတ်မှုကြောင့် အသက် (၅) နှစ်အရွယ် စောဇင်မင်းဦး၊ (၅၆) နှစ်အရွယ် နော်မူလာပြည့်၊ (၁၈) နှစ်အရွယ် နော်မိထူး၊ (၅၇) နှစ်အရွယ် နော်တင်အေး၊ (၂၅) နှစ်အရွယ် စောခူနှင့် အသက် (၉) နှစ်အရွယ် နော်သကြ်န်ဖော တို့ ထိခိုက်ဒဏ်ရာရခဲ့သည်။

“လက်နက်ကြီး (၃) လုံး ပစ်ခတ်သံ ကြားလိုက်တယ်။ တစ်လုံးက ရွှေရောင်ပြကျေးရွာထဲ ကျပြီး လူတွေ ထိကုန်တာ။ နှစ်လုံးကတော့ ရွာအပြင်ဘက်မှာ ကျတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

အမှတ် (၃၁၄) အမြောက်တပ်သည် ဘီးလင်းမြို့နယ် ကဇိုင်းနှင့် ထီးပြိုညလေးကျေးရွာအနီး ဇီးကုန်းရွာ အနောက်ဘက်ရှိ ရွှေရောင်ပြကျေးရွာတွင် တပ်စွဲထားပြီး လက်နက်ကြီးဖြင့် မကြာခဏရမ်းသန်းပစ်ခတ်နေသည်။

စစ်ဘေးရှောင်ပြည်သူများ၏ပြောကြားချက်အရ ဘီးလင်းမြို့နယ်တွင် စစ်တပ်က လက်နက်ကြီးဖြင့် ပစ်ခတ်နေသဖြင့် ကျေးရွာ (၆) ရွာမှ ဒေသခံပြည်သူများမှာ ထွက်ပြေးတိမ်းရှောင်နေရသည်။ ဇူလိုင်လဆန်းမှစ၍ အမှတ် (၃၁၄) အမြောက်တပ်အပါအဝင် ဘီးလင်းအခြေစိုက် စစ်ကောင်စီတပ်ရင်းများက ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာများကို လက်နက်ကြီးဖြင့် နေ့ရောညပါ ပစ်ခတ်တိုက်ခိုက်နေကြောင်း သိရသည်။

လက်နက်ကြီးရန်ကြောင့် ဝန်းကြည်၊ ဇီးဝန်း၊ ရွှေရောင်ပြ၊ ကဇိုင်းနှင့် အလူးကျေးရွာများမှ ဒေသခံပြည်သူ အနည်းဆုံး အယောက် (၃,၀၀၀) ခန့်သည် ကျေးရွာမှထွက်ပြေး တိမ်းရှောင်နေရသည်။

“ရွာထဲကို လက်နက်ကြီးနဲ့ နေ့တိုင်းပစ်နေတယ်။ ရွာသား အတော်များများကတော့ ခြံထဲ တောထဲကို ပြေးရတာ။ ပိုက်ဆံရှိတဲ့သူတွေကတော့ မြို့ပေါ်က အမျိုးတွေဆီကို ပြောင်းနေကြတာပေါ့” ဟု ဇီးဝန်းရွာသားတစ်ဦးက ပြောသည်။

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ် ပူးပေါင်းတပ်ဖွဲ့က စစ်ကောင်စီ၏ တပ်ရင်းများကို တိုက်ခိုက်သည့်အချိန်တိုင်းတွင် ဗမာစစ်တပ်က ပြည်သူလူထုကို ပစ်မှတ်ထားပြီး ကျေးရွာများအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ကာ တုံ့ပြန်လေ့ရှိသည်။ ဇူလိုင်လ (၇) ရက်နေ့တွင် စစ်ကောင်စီအမြောက်တပ်က ရွှေရောင်ပြကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် ကလေးငယ် (၂) ဦး အပါအဝင် လူ (၆) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဇူလိုင်လ (၁၂) ရက်နေ့တွင်လည်း မွန်ပြည်နယ် ရေးမြို့နယ် နှစ်ကရင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ရွာသူရွာသားများ၏ လက်ကိုင်ဖုန်းကို စစ်ဆေးကာ အချို့ကို ဖမ်းဆီးခဲ့သည်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်များကို ဆက်သွယ်သတင်းပေးသည်ဟု စွပ်စွဲကာ မတရားဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

ရေးမြို့နယ်အခြေစိုက် ပြည်သူ့ကာကွယ်ရေးတပ်များ၏ သတိပေးထုတ်ပြန်ချက်ကြောင့်လည်း ရာနှင့်ချီသော ဒေသခံပြည်သူများမှာ ၎င်းတို့ကျေးရွာမှတိမ်းရှောင်နေရသည်။ ဇူလိုင်လလယ်အထိ နှစ်ကရင်ကျေးရွာလူဦးရေ၏ လေးပုံသုံးပုံဖြစ်သည့် အိမ်ထောင်စု (၃,၀၆၈) စုသည် ကျေးရွာကို စွန့်ခွာတိမ်းရှောင်နေရသည်ဟု ဒေသခံများက ပြောသည်။

“ဇူလိုင်လ (၁၀) ရက်နေ့ကစပြီးတော့ လူတွေ စပြောင်းကြတာ။ ဆွေမျိုးတွေရှိတဲ့ သံဖြူဇရပ်၊ ကုလားဂုတ်နဲ့ မော်လမြိုင်ဘက်ကို ပြောင်းကြတာ။ ရွာမှာ အနည်းအကျဉ်းလောက်ပဲ ကျန်တော့တယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

အမှတ် (၁၉) စစ်ဒေသကွပ်ကဲမှုဌာနချုပ်က ရွာသား (၁၅) ယောက်ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ပတ်သက်သည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ကြောင်း သတင်းအချက်အလက်ကောက်ခံသည့်ကွန်ရက်အဖွဲ့ဝင်များက ပြောသည်။ နှစ်ကရင်ရဲစခန်းတိုက်ခိုက်ခံရပြီးနောက် (၃) ရက်အတွင်း စစ်ကောင်စီတပ်ဖွဲ့က ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဝင်ရောက်တပ်စွဲခဲ့ပြီး ရွာသားများကို (၂) ရက်ကြာ ဖမ်းဆီးမှုပြုလုပ်ခဲ့သည်။ ဖမ်းဆီးခံရသူများတွင် အသက် (၂၀) နှင့် (၄၀) အတွင်းရှိ အမျိုးသား၊ အမျိုးသမီး (၁၂) ယောက် ပါဝင်သည်။ ၎င်းတို့သည် သာမန် ရွာသူရွာသားများဖြစ်ပြီး ဥယျာဉ်ခြံနှင့် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်လုပ်နေသူများ ဖြစ်သည်။ ဖမ်းဆီးထားသူအချို့ကို ဘုန်းကြီးကျောင်းတွင် ထိန်းသိမ်းထားပြီး အချိန်ကို သံဖြူဇရပ်ရဲစခန်းသို့ ပို့ဆောင်ထိန်းသိမ်းခဲ့သည်။

"အဖမ်းခံထားရတဲ့သူတွေက မိသားစုဝင်တွေနဲ့လည်း တွေ့ခွင့်မရဘူး။ သူတို့ကို အစားအသောက်လည်း ပို့လို့မရဘူး။ သူတို့ထဲက တစ်ချို့ကို စစ်ဆေးမေးမြန်းနေတယ်" ဟု အဖမ်းခံရသူများ၏မိသားစုဝင်များနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

ဇွန်လ (၂၅) ရက်နေ့မှ ဇူလိုင်လ (၁၂) ရက်နေ့အတွင်း လူပေါင်း (၁၈) ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီး အဖမ်းခံရသူများအနက်မှ တစ်ဦးက ပြန်လည်လွတ်မြောက်လာရန်အတွက် ငွေကျပ်သိန်း (၂၀) ပေးခဲ့ရသည်။ အဖမ်းခံရသူများနှင့်နီးစပ်သူတစ်ဦး၏ပြောကြားချက်အရ ပြန်လည်လွတ်မြောက်ရန်အတွက် အဖမ်းခံရသူအချို့မှာ ငွေကျပ် (၁၇) သိန်းပေးခဲ့ရသည်ဟု ဆိုသည်။

အခြားဖြစ်စဉ်တစ်ခုတွင် ကျိုက်ထိုမှ လူငယ်တစ်ဦးကို စစ်ကောင်စီက ဖမ်းဆီးပြီး သတ်ဖြတ်ခဲ့သည်။ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ ကားဂိတ်လမ်းဆုံအနီးတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး နောက်တစ်နေ့တွင် သေဆုံးသွားခဲ့သည်။

အဖမ်းခံရပြီးနောက်တစ်နေ့ဖြစ်သည့် ဇူလိုင်လ (၁၈) ရက်နေ့တွင် သေဆုံးသူ ကိုချစ်လေး၏ရုပ်အလောင်းကို လာရောက်ထုတ်ယူရန် စစ်တပ်က မိသားစုကို အကြောင်းကြားခဲ့သည်။

စစ်တပ်က ဖမ်းဆီးသတ်ဖြတ်လိုက်သည့် ကိုချစ်လေးသည် သာမန်ပြည်သူတစ်ဦးသာဖြစ်ပြီး သိမ်ဇရပ်ဈေးမှ ပစ္စည်းများကို ဝယ်ယူကာ ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သုံးဘီးဆိုင်ကယ်ဖြင့် လိုက်လံရောင်းချနေသူတစ်ဦးဖြစ်ကြောင်း ဒေသခံများက ပြောသည်။ သေဆုံးချိန်တွင် ဇနီးသည်တစ်ဦး ကျန်ရစ်ခဲ့သည်။

သိမ်ဇရပ်ဈေးမှ ပစ္စည်းဝယ်ယူပြီးအပြန်လမ်းတွင် ကားဂိတ်လမ်းဆုံ၌ လုံခြုံရေးယူနေသည့် စစ်ကောင်စီ၏တပ်သားတစ်ဦးကို ဆိုင်ကယ်နှင့်တိုက်မိရာမှ ကိုချစ်လေးကို စစ်တပ်က ဖမ်းဆီးသတ်ဖြတ်လိုက်သည်ဟုလည်း ပြောဆိုနေကြသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း စစ်ကောင်စီက ဘီးလင်းမြို့နယ်မှ ဒေသခံပြည်သူအယောက် (၁၀၀) နီးပါးကို ဖမ်းဆီးခဲ့ပြီး အများစုကို ထောင်ဒဏ်ချမှတ်ခဲ့သည်။ ဖမ်းဆီးမှုများကို ပိုမို၍ ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်သည်။ ဇွန်လ (၂၉) ရက်နေ့တွင် ရေးမြို့နယ် နှစ်ကရင်ကျေးရွာမှ အသက် (၂၀) ဝန်းကျင် လူငယ် (၅) ဦးကို စစ်တပ်က ဖမ်းဆီးခဲ့ပြီး ယနေ့အချိန်အထိ ပြန်လည်လွတ်ပေးခြင်းမရှိသေးကြောင်း သိရသည်။ စစ်ကောင်စီတပ်သားများက အိမ်အသစ်တစ်လုံးတွင် စခန်းချနေပြီး ရွာသားများ၏နေအိမ်များကို ဝင်ရောက်ရှာဖွေမှုများပြုလုပ်ခဲ့သည်။ ရွာသားများကိုလည်း ရိုက်နှက်ကာ ၎င်းတို့၏လက်ကိုင်ဖုန်းများကိုလည်း သိမ်းယူခဲ့သည်။

မွန်ပြည်နယ် မုဒုံမြို့နယ် အဘစ်ကျေးရွာအခြေစိုက် အမှတ် (၃၁၈) အမြောက်တပ်ရင်းက ရွာသားများကို ဖမ်းဆီးပြီး ၎င်းတို့၏စစ်ပစ္စည်းများ သယ်ဆောင်ရာတွင် ခိုင်းစေခဲ့သည်။ ၂၀၂၃ ဇူလိုင်လ (၁၀) ရက်နေ့မှ (၁၃) ရက်နေ့အတွင်း ခလယ်-တံခွန်တိုင်ဘက်တွင် လာရောက်အလုပ်လုပ်ကိုင်နေသူ ကလော့သော့ရွာသား (၄) ဦးကို ဖမ်းဆီးခဲ့ပြီး တောလမ်းတစ်လျှောက် စစ်ပစ္စည်းများကို သယ်ဆောင်စေခဲ့သည်။

"အဲ့ရွာသား (၄) ယောက်တည်း မဟုတ်ဘူး။ နောက်ထပ်ရွှေ့ပြောင်းလုပ်သား (၄) ယောက်လည်း အဖမ်းခံလိုက်ရတယ်။ မနက် (၆) နာရီကနေ (၁၀) နာရီအထိ စစ်ပစ္စည်းတွေ သယ်ခိုင်းတယ်။ သူတို့သွားချင်တဲ့နေရာရောက်တော့မှ ပြန်လွှတ်ပေးလိုက်တယ်။ ဖုန်းဆင်းကဒ်တွေတော့ သိမ်းသွားတယ်။ ရိုက်တာနှက်တာမျိုးတော့ မရှိဘူး" ဟု ပြန်လည်လွတ်မြောက်လာသူတစ်ဦးက ပြောသည်။

အဘစ်အခြေစိုက်အမြောက်တပ်ရင်းသည် ခလယ်-တံခွန်တိုင်ဘက်ကို လက်နက်ကြီးဖြင့် ပစ်ခတ်လေ့ရှိသည့်အပြင် ရွာသားများကိုလည်း ပေါ်တာဆွဲဖမ်းဆီးနေသဖြင့် ထောင်နှင့်ချီသော ဒေသခံပြည်သူများမှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည်။

ဇွန်လ (၂၆) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်မရော မြို့နယ် တောင်ကလေးကျေးရွာမှ ကရင်ပြည်နယ်

ကြာအင်းဆိပ်ကြီးမြို့နယ်ခလယ်-တံခွန်တိုင်၊ ငြိမ်းချမ်းမြိုင်နှင့် ပုလိန်ကျေးရွာများအထိ စစ်ကောင်စီနှင့် တော်လှန်ရေး အင်အားစုများအကြား တိုက်ပွဲပြင်းထန်နေသည်။

ခလယ်-တံခွန်တိုင်ရဲစခန်းနှင့် ငြိမ်းချမ်းမြိုင်ကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ကို တော်လှန်ရေး အင်အားစုများက ဒရုန်းဖြင့် တိုက်ခိုက်လေ့ရှိပြီး

စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ကာ ပြန်လည်တုံ့ပြန်လေ့ရှိသည်။

ကျေးရွာတွင်တပ်စွဲနေသည့်စစ်ကောင်စီတပ်သားများက နေအိမ်များကို ဝင်ရောက်ရှာဖွေပြီး ရွာသားများကို ဖမ်းဆီးနေသည်။ တိုက်ပွဲဖြစ်လာမည်ကို စိုးရိမ်သဖြင့် ဒေသခံရွာသူရွာသား လေးပုံသုံးပုံက ထွက်ပြေးတိမ်းရှောင်နေသည်။

စစ်ရှောင်ပြည်သူများသည် ဆွေမျိုးနီးစပ်များရှိရာ ရေး၊ မော်လမြိုင်၊ မုဒုံနှင့် သံဖြူဇရပ်မြို့နယ်များသို့ တိမ်းရှောင်နေကြပြီး ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံ/ဇရပ်များ နှင့် လူနေအိမ်များတွင် ခိုလှုံနေရသည်။ ၎င်းတို့အတွက် အရေးပေါ်အကူအညီများ လိုအပ်နေသည်။

"ဇူလိုင်လ ၁၃ ရက်နေ့အထိ ဘယ်သူမှ အိမ်မပြန်ရဲကြဘူး။ နိုင်ငံခြားမှာ သားသမီးမရှိတဲ့သူတွေကတော့ ဘုန်းကြီးကျောင်းမှာ ကပ်နေရတာပေါ့။ စားစရာမှ မရှိတော့တာ။ အသက် (၆၀) ကျော် လူကြီးတွေနဲ့ (၅) နှစ်အောက်ကလေးတွေကတော့ ပိုဒုက္ခရောက်တာပေ့ါ။ သက်ကြီးရွယ်အိုတွေလည်း စိတ်ထိခိုက်ပြီး နေမကောင်းဖြစ်လို့ ဆေးကုပေးနေရတယ်" ဟု စစ်ရှောင်ပြည်သူတစ်ဦးက ပြောသည်။

လက်ရှိအချိန်အထိ နှစ်ကရင်ကျေးရွာတွင် လုံခြုံမှု မရှိသေးချေ။ ကျေးရွာအတွင်းတွင် လူအနည်းငယ်သာ ရှိသဖြင့် ဈေးဆိုင်နှင့် ကျောင်းများမှာ တိတ်ဆိတ်ခြောက်ကပ်လျက်ရှိသည်။

"မော့ကနင်မှာရော နှစ်ကရင်မှာပါ အုပ်ချုပ်မယ့်သူတွေ မရှိတော့ဘူး။ သူခိုးတွေ သောင်းကျန်းပြီး လိင်အကြမ်းဖက်မှုတွေလည်း အဖြစ်များလာတယ်။ ရွာသားတွေလည်း စိုးရိမ်နေကြတယ်။ သူတို့အတွက် အကူအညီတွေ လိုနေတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

> "
>
> သူခိုးတွေ သောင်းကျန်းပြီး လိင်အကြမ်းဖက်မှုတွေလည်း အဖြစ်များလာတယ်။ ရွာသားတွေလည်း စိုးရိမ်နေကြတယ်။ သူတို့အတွက် အကူအညီတွေ လိုနေတယ်"

## တနင်္သာရီ တိုင်းဒေသကြီး

- IDP 25,500+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 29 ဦးခန့်
- သေဆုံးသူ 11 ဦးခန့်

ကရင်ပြည်နယ်

မွန်ပြည်နယ်

တနင်္သာရီတိုင်းတွင် ဖြစ်ပွားနေသည့်အခြေအနေများကလည်း ပြည်သူတို့၏လုံခြုံရေးကို ခြိမ်းခြောက်နေသည်။ ရေဖြူနှင့် ထားဝယ်ဒေသများတွင် စစ်ကောင်စီက တပ်အင်အားတိုးချဲ့နေပြီး ဒေသခံပြည်သူတို့၏ လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်နေသည်။

ဇူလိုင်လ (၁) ရက်နေ့တွင် တောင်ပိုင်းတိုင်းစစ်ဒေသကွပ်ကဲမှုဌာနချုပ်က ခရီးသွားလာခွင့်ကို ကန့်သတ်သည့်အမိန့်တစ်ခုကို ထုတ်ပြန်ခဲ့သည်။ ညနေ (၆) နာရီမှ မနက် (၆) နာရီအထိ ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမတွင်လည်းကောင်း၊ ပဲခူး-စစ်တောင်းလမ်းဟောင်းတွင်လည်းကောင်း၊ ရန်ကုန်-မုတ္တမလမ်းမကြီးနှင့် ရန်ကုန်-ဘားအံလမ်းမကြီးတွင်လည်းကောင်း ခရီးသွားလာခြင်းမပြုရန် ကန့်သတ်လိုက်သည်။

ဇူလိုင်လ (၃) ရက်နေ့ မနက် (၅) နာရီမှစ၍ ကံပေါက်၊ ကလိန်အောင်၊ ရေဖြူနှင့် ထားဝယ်တို့ကို ဆက်သွယ်ထားသည့်လမ်းမကြီးကို စစ်ကောင်စီက သွားလာခွင့်ပိတ်လိုက်သည်။ ကံပေါက်မြို့အထွက်တွင် စစ်ကောင်စီက တပ်စွဲထားပြီး သွားလာနေသည့်ယာဉ်များကို တားဆီးကာ နောက်ပြန်လှည့်ခိုင်းခဲ့သည်။

“အရင်လိုပဲ သွားလု့ိရတယ် ထင်နေတာပေါ့။ ဒါပေမဲ့ လမ်းမပေါ်လည်းရောက်ရော လမ်းက ပိတ်ထားတယ်။ စစ်သားတွေကိုလည်း တွေ့ရတယ်။ သူတို့က နောက်လှည့်ခိုင်းတော့ ကားတွေ အကုန်လှည့်ပြန်လာရတယ်” ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

ကံပေါက်-ကလိန်အောင်ကားလမ်းကို မည်သည့်အတွက်ကြောင့် သွားလာခွင့်ပိတ်လိုက်သည်ကို မသိရချေ။ ရက်ပေါင်းမည်မျှကြာအောင် ပိတ်ပင်မည်ကိုလည်း မသိရချေ။ ကံပေါက်-ကလိန်အောင်လမ်းပိုင်းသည် (၁၈) မိုင် ရှည်လျားပြီး ထီးခီး၊ ထားဝယ်နှင့် ရန်ကုန်၊ မြဝတီ၊ မော်လမြိုင်တို့အကြား ကုန်စည်တင်ပို့သည့်အဓိကလမ်းမ ဖြစ်သည်။

ဇူလိုင်လ (၁) ရက်နေ့မှ (၃) ရက်နေ့အတွင်း ဘဲလမု၊ ကန်တို၊ ရမ်ဖိုနှင့် ညောင်ပင်ကန် အပါအဝင် ကျေးရွာ (၅) ရွာမှ ဒေသခံပြည်သူအယောက် (၃,၀၀၀) ကျော် နေရပ်စွန့်ခွာထွက်ပြေးနေရပြီး စစ်တပ်က စစ်ကြောင်းထိုးလာသဖြင့် စစ်ရှောင်ပြည်သူအရေအတွက်လည်း တိုးလာနေသည်။ ကံပေါက်-ကလိန်အောင်လမ်းမတစ်လျှောက် စစ်ဆေးမေးမြန်းမှုလည်း တင်းကြပ်လာသည်။

ပိတ်မိနေသောယာဉ်များကို ဇူလိုင်လ (၅) ရက်နေ့မနက်တွင် စစ်ကောင်စီတပ်က ပြန်လည်သွားလာခွင့်ပြုခဲ့ကြောင်း ကံပေါက်ဒေသခံတစ်ဦးက ပြောသည်။

ကံပေါက်-ထားဝယ်ယာဉ်လိုင်း ပြန်လည်ပြေးဆွဲနေပြီး စစ်ကောင်စီတပ်သားများက အရပ်ဝတ်ဖြင့် ကင်းလှည့်နေကာ ကံေပါက်-ကလိန်အောင်လမ်းမတစ်လျှောက် တင်းတင်းကြပ်ကြပ်စစ်ဆေးနေသည်။

“စစ်ကားတွေကတော့ ကျေးရွာအနီးတဝိုက်မှာ စစ်ကြောင်းလိုပဲ ကင်းလှည့်နေတယ်။ ဟိုစစ်လိုက် ဒီစစ်လိုက်နဲ့ လိုက်ကြည့်နေတာပဲ။ အစစ်ခံရတဲ့ရွာသားတွေကတော့ ပိုက်ဆံပေးလိုက်ရတာချည်းပဲ။ တစ်ခါတလေ တစ်ထောင်ကနေ တစ်သောင်းအထိ ပေးရတယ်” ဟု ကံပေါက်ဒေသခံတစ်ဦးက ပြောသည်။

“စစ်တပ်က အဝင်အထွက်ကို တင်းကြပ်လိုက်တော့ ကံပေါက်မှာ ကုန်ဈေးနှုန်းတွေ ချက်ချင်းနှစ်ဆခုန်တက်သွားတယ်။ သာမန်ပြည်သူတွေကတော့ အခက်အခဲအများကြီး ရှိတာပေါ့။ ကုန်ဈေးနှုန်းတွေက တက်ပြီးရင်းတက်ဆိုတော့လေ” ဟု အခြား ကံပေါက်ဒေသခံတစ်ဦးက ပြောသည်။

မောရဝတီရေတပ်စခန်းမှ စစ်သားများ ထွက်ပြေးသွားသည်ဟူသော သတင်းထွက်ပေါ်လာပြီးနောက် ဇူလိုင်လ (၃) ရက်နေ့ မနက်ပိုင်းမှစ၍ ကံပေါက်-ကလိန်အောင် လမ်းဆုံတွင် ဝင်ထွက်သွားလာခွင့်ကို စစ်တပ်က တင်းကြပ်လိုက်သည်။

ပိတ်မိနေသောယာဉ်များကို ဇူလိုင်လ (၅) ရက်နေ့မနက်တွင် စစ်ကောင်စီတပ်က ပြန်လည်သွားလာခွင့်ပြုခဲ့ကြောင်း ကံပေါက်ဒေသခံတစ်ဦးက ပြောသည်။

ကံပေါက်-ထားဝယ်ယာဉ်လိုင်း ပြန်လည်ပြေးဆွဲနေပြီး စစ်ကောင်စီတပ်သားများက အရပ်ဝတ်ဖြင့် ကင်းလှည့်နေကာ ကံေပါက်-ကလိန်အောင်လမ်းမတစ်လျှောက် တင်းတင်းကြပ်ကြပ်စစ်ဆေးနေသည်။

“စစ်ကားတွေကတော့ ကျေးရွာအနီးတဝိုက်မှာ စစ်ကြောင်းလိုပဲ ကင်းလှည့်နေတယ်။ ဟိုစစ်လိုက် ဒီစစ်လိုက်နဲ့ လိုက်ကြည့်နေတာပဲ။ အစစ်ခံရတဲ့ရွာသားတွေကတော့ ပိုက်ဆံပေးလိုက်ရတာချည်းပဲ။ တစ်ခါတလေ တစ်ထောင်ကနေ တစ်သောင်းအထိ ပေးရတယ်” ဟု ကံပေါက်ဒေသခံတစ်ဦးက ပြောသည်။

“စစ်တပ်က အဝင်အထွက်ကို တင်းကြပ်လိုက်တော့ ကံပေါက်မှာ ကုန်ဈေးနှုန်းတွေ ချက်ချင်းနှစ်ဆခုန်တက်သွားတယ်။ သာမန်ပြည်သူတွေကတော့ အခက်အခဲအများကြီး ရှိတာပေါ့။ ကုန်ဈေးနှုန်းတွေက တက်ပြီးရင်းတက်ဆိုတော့လေ” ဟု အခြား ကံပေါက်ဒေသခံတစ်ဦးက ပြောသည်။

မောရဝတီရေတပ်စခန်းမှ စစ်သားများ ထွက်ပြေးသွားသည်ဟူသော သတင်းထွက်ပေါ်လာပြီးနောက် ဇူလိုင်လ (၃) ရက်နေ့ မနက်ပိုင်းမှစ၍ ကံပေါက်-ကလိန်အောင်လမ်းဆုံတွင် ဝင်ထွက်သွားလာခွင့်ကို စစ်တပ်က တင်းကြပ်လိုက်သည်။

ကလိန်အောင်နှင့် ရေဖြူမြို့နယ်များရှိ လမ်းများပေါ်တွင်လည်း တိုက်ပွဲငယ်များမကြာခဏဖြစ်ပွားနေသည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ပူးပေါင်းတပ်များ ကံပေါက်ရှိကျေးရွာများတွင် ရောက်ရှိနေသည်ဟူသော သတင်းကြောင့် မောရဝတီရေတပ်စခန်းဌာနချုပ်မှ စစ်သားများက ကံပေါက်-ကလိန်အောင်လမ်းမကြီးကို ပိတ်ပင်လိုက်သည်ဟုရွာသားတစ်ဦးက ပြောသည်။

“အောက်ခြေက စစ်ဗိုလ်တွေကတော့ ဒီအခြေအနေကို အခွင့်ကောင်းယူပြီး ငွေရှာကြတာပေါ့။ ကံပေါက်မှာတော့ အစစ်အဆေးတွေ နေ့တိုင်းရှိနေတာပဲ” ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။ ကံပေါက်-ကလိန်အောင်လမ်းမသည် ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်ထားပြီး အရှည် (၉) မိုင် (၆) ဖာလုံ ရှိသည်။

ဇူလိုင်လ (၄) ရက်နေ့ နံနက် (၈) နာရီခန့်တွင် အမှတ် (၃၀၆) အမြောက်တပ်ရင်းက ဘဲလမုရွာလယ်ကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ စစ်ကောင်စီတပ်က လက်နက်အင်အား ဖြည့်တင်းနေပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကလည်း တနင်္သာရီမြို့နယ်အတွင်းရှိ လမ်းဆုံလမ်းမများကို အနီရောင်အဆင့်သတ်မှတ်ကာ ညဘက်တွင် သွားလာခြင်းမပြုရန် ထုတ်ပြန်ထားသည်။ အမှတ် (၁) တောင်ပိုင်းတိုင်းစစ်ဒေသကွပ်ကဲရေးဌာနချုပ်က ညနေ (၆) နာရီမှ မနက် (၆) နာရီအတွင်း လမ်းမပေါ်ဖြတ်သန်းသွားလာခွင့်ကို တားမြစ်ထားသည်။ ကုန်ဈေးနှုန်းက ချက်ချင်းခုန်တက်သွားသည်။

ပြည်သူများမှာ စစ်ကောင်စီတပ်၏အကြမ်းဖက်မှုကိုလည်း ခံစားနေရသည်။ ဇူလိုင်လ (၃) ရက်နေ့ ည (၉) နာရီနှင့် (၁၀) နာရီကြားတွင် တနင်္သာရီမြို့နယ်အခြေစိုက်အမြောက်တပ်ရင်းက အနီးအနားကျေးရွာများကို တိုက်ပွဲမရှိဘဲ လက်နက်ကြီးဖြင့်အချက် (၂၀) ကျော် ပစ်ခတ်ခဲ့သဖြင့် အရှေ့မော်တွန်ကျေးရွာမှ ဒေသခံပြည်သူ (၅) ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အရှေ့မော်တွန်အခြေစိုက် အမှတ် (၃၀၆) အမြောက်တပ်ရင်းက အရှေ့မော်တွန်၊ အနောက်မော်တွန်၊ ဇလွန်ပြင်ယိုနှင့် အဲ့ဒေါ်ကန်ကျေးရွာများကို လက်နက်ကြီးဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့သည်။ အရှေ့မော်တွန်ရှိ တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်တွင်အလုပ်လုပ်နေသည့် အမျိုးသမီး (၁) ဦး လက်နက်ကြီးထိမှန်ခဲ့သကဲ့သို့ အနီးအနားနေအိမ်မှ အမျိုးသား (၃) ဦးနှင့် အမျိုးသမီး (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

“တံတားဆောက်လုပ်ရေးက အမျိုးသမီးက ဒဏ်ရာအတော်ပြင်းတယ်လို့ ကြားတယ်။ ကျန်တဲ့လူတွေကတော့ လက်မောင်းနဲ့ ခြေထောက်တွေမှာ ဒဏ်ရာအသေးစားတွေပဲရကြတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

ရေးမြို့နယ်တောင်ပိုင်းတွင်လည်း တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားနေပြီး ဒေသခံခြံပိုင်ရှင်များမှာ ၎င်းတို့၏ဥယျာဉ်ခြံသို့ သွားရောက်အလုပ်မလုပ်နိုင်ကြချေ။ အများစုမှာ ခြံများကို ပစ်ထားလိုက်ရသည်။

"ဒူးရင်းသီးတွေ သုံးပုံတစ်ပုံလောက် ခူးဖို့ကျန်သေးတယ်။ မင်းဂွတ်နဲ့ ကြက်မောက်တွေလည်း ဒုတိယအသုတ် ခူးဖို့ရှိသေးတယ်။ ခြံရှင်တွေကတော့ ခြံကို မသွားရဲတော့ဘူး။ ခြံမှာနေပြီး အလုပ်လုပ်ဖို့ကို ကြောက်နေကြပြီ။ အဲကြောင့် ခြံတွေအကုန်လုံးကို ပစ်ထားလိုက်ရတယ်" ဟု ရေးမြို့နယ် မော့ကနင်ကျေးရွာအရှေ့ဘက်မှ ဒူးရင်းခြံပိုင်ရှင်တစ်ဦးက ပြောသည်။

ခြံမသွားနိုင်သဖြင့် ဝင်ငွေများ ဆုံးရှုံးနေသည်။ "ေရးမှာ စီးပွားရေးက သစ်သီးခြံပေါ်မှာပဲ မူတည်နေတာလေ။ ခြံမသွားရဘူးဆိုတော့ စီးပွားလည်း ပျက်ပြီပေါ့။ စီးပွားရေးမကောင်းတဲ့ကြားက ကုန်စျေးနှုန်းကလည်း တက်၊ အကုန်လုံး ဒုက္ခရောက်နေတာပါပဲ" ဟု ရေးမြို့နယ်တောင်ပိုင်း စုံနံ့သာကျေးရွာမှ ခြံပိုင်ရှင်တစ်ဦးက ပြောသည်။ ခြံကိုပစ်ထားလုိက်ရသဖြင့် သူခိုးရန်ကို ကြောက်ရသည့်အပြင် ဗမာစစ်သားများကလည်း ခြံရှိသစ်သီးများကို ပိုင်ရှင်ခွင့်ပြုချက်မရဘဲ ခူးဆွတ်စားသုံးနေကြသည်။

ဇူလိုင်လ (၃) ရက်နေ့ ည (၉) နာရီနှင့် (၁၀) နာရီကြားတွင် တနင်္သာရီမြို့နယ် အခြေစိုက် အမြောက်တပ်ရင်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အနီးအနားကျေးရွာများကို လက်နက်ကြီးဖြင့် အကြိမ် (၂၀) ခန့် ပစ်ခတ်ခဲ့ရာ အရှေ့မော်တွန်ကျေးရွာမှ လူ (၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အရှေ့မော်တွန်အခြေစိုက် အမှတ် (၃၀၆) အမြောက်တပ်ရင်းက အရှေ့မော်တွန်၊ အနောက်မော်တွန်၊ ဇလွန်ပြင်ယိုနှင့် အဲ့ဒေါ်ကန်ကျေးရွာများကို လက်နက်ကြီးဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့သည်။ အရှေ့မော်တွန်ရှိ တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုပ်လုပ်နေသည့် အမျိုးသမီး (၁) ဦး လက်နက်ကြီးထိမှန်ခဲ့သကဲ့သို့ အနီးအနားနေအိမ်မှ အမျိုးသား (၃) ဦးနှင့် အမျိုးသမီး (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စစ်ကောင်စီတပ်က လက်နက်အင်အား ဖြည့်တင်းနေပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကလည်း တနင်္သာရီမြို့နယ်အတွင်းရှိ လမ်းဆုံလမ်းမများကို အနီရောင်အဆင့် သတ်မှတ်ကာ ညဘက်တွင် သွားလာခြင်းမပြုရန် ထုတ်ပြန်ထားသည်။

ဇူလိုင်လ (၁၁) ရက်နေ့ နံနက် (၇) နာရီအချိန်တွင် ရေဖြူမြို့နယ် နဘုလယ်ဒေသ ရှိ ထားဝယ်ရေနက်ဆိပ်ကမ်းသို့ စစ်ကောင်စီတပ်သားများ ဝင်ရောက်လာသဖြင့် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွား ခဲ့သည်။ တုိက်ပွဲကြောင့် ဒေသခံပြည်သူအယောက် (၃၀၀) ခန့် ထွက်ပြေး တိမ်းရှောင်နေရကြောင်း ရွာခံများက ပြောသည်။

တိုက်ပွဲဖြစ်ပွားပြီး လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုတို့ကို ဖြစ်ပွားလာမည်ကို စိုးရိမ်ကြောက်ရွံ့သဖြင့် ဒေသခံများမှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။

"ကန်ခါးက ရှမ်းတံတားဘက်မှာ သေနတ်သံတွေ ကြားရတယ်။ လက်နက်ကြီး သံတွေ သေနတ်သံတွေ ဗုံးကွဲသံတွေပေါ့။ တိုက်ပွဲက အချိန်မရွေးဖြစ်နိုင်တယ် လေ။ အရင်က တိုက်ပွဲဖြစ်ရင် စစ်တပ်က လေယာဉ်နဲ့ လာပစ်တာပဲ။ ခု ရွာသားတွေ သိပ်မရှိတော့ဘူး။ အကုန်လုံး ရှောင်ပြေးကုန်ကြပြီ" ဟု ဒေသခံတစ်ဦးက ပြောသည်။

"မြေပြင်မှာ သေနတ်သံကြားရင် ထွက်ပြေးလို့ရသေးတယ်။ ဒါပေမဲ့ လေယာဉ်နဲ့ လာပစ်ရင်တော့ ပြေးပေါက်မရှိဘူး။ ဒါကြောင့် (ကြိုပြီး)ရှောင်ပြေးနေရတယ်။ နဘု လယ်မှာတော့ ကျွန်တော်တို့တစ်ရွာတည်း (ပြေးနေရတာ) မဟုတ်ပါဘူး။ ထိန်ကြီး၊ လဲ့ရှောင်၊ ခမောက်ချောင်း၊ ဝက်ချောင်းနဲ့ ဧကရီကျေးရွာတွေလည်း ဘေးလွတ် ရာပြေးနေရတယ်။ ကျွန်တော်တို့တစ်ရွာတည်းကို လူအယောက် (၃၀၀) လောက် ထွက်ပြေးနေရတယ်" ဟု နဘုလယ်ဒေသခံတစ်ဦးက ပြောသည်။

တော်လှန်ရေးအင်အားစုများကို ကူညီထောက်ပံ့သူများကို စစ်ကောင်စီက ပစ်မှတ် ထားနေသည်။ လက်ကိုင်ဖုန်းတွင် လက်သုံးချောင်းထောင်ထားသည့်ဓာတ်ပုံ တွေ့သည်ဟုဆိုကာ အသက် (၂၂) နှစ်အရွယ် နေလင်းဇော်နှင့် အသက် (၁၇) နှစ် အရွယ် သိန်းထွေးတို့ကို ဖမ်းဆီးပြီး ပြင်းထန်စွာရိုက်နှက်ခဲ့သည်။ ၎င်းနောက် ရေဖြူ မြို့နယ် ကံပေါက်ရဲစခန်းတွင် တစ်နေ့တာထိန်းသိမ်းခဲ့သည်။

"လူ (၈) ယောက်ရဲ့ဖုန်းတွေကို သူတို့ စစ်ဆေးတယ်။ သူတို့ရဲ့ မက်ဆင်ဂျာ(mes-senger)မှာ စစ်ခွေးလို့ ရေးထားတာတွေ ပြီးတော့ လက်သုံးချောင်းထောင်ထားတဲ့ပုံ အဟောင်းတွေကိုလည်း တွေ့ရော လက်သီးနဲ့ အကြိမ်ကြိမ်ထိုးတော့တာပဲ။ (ဝါယာ) ကြိုးတွေနဲ့လည်း ရိုက်တယ်။ မျက်လုံးတွေ ခေါင်းတွေ ခြေထောက်တွေ တစ်ကိုယ် လုံး ဒဏ်ရာရကုန်တာပဲ။ ထမင်းတောင်မစားနိုင်ဘူး" ဟု အရုိက်ခံရသူတစ်ဦး၏ မိသားစုဝင်တစ်ဦးက ပြောသည်။

ရက်စက်စွာ အနိုပ်စက်ခံခဲ့ရသူ (၂) ဦးသည် မျက်နှာ၊ ခြေထောက်နှင့် ဦးခေါင်းဒဏ်ရာများ ရရှိခဲ့ပြီး နေအိမ်တွင်ပင် ဆေးကုသနေရသည်။

ဖမ်းဆီးမှုများလည်း မကြာခဏပိုမိုဖြစ်ပွားလာနေသည်။ ဇူလိုင်လ (၁၅) နှင့် (၁၆) ရက်နေ့များတွင် ကံပေါက်ဒေသမှ ကုန်စုံဆိုင်ပိုင်ရှင်၊ ဆွေမျိုးမိတ်ဆွေနှင့် အလုပ်သမား စုစုပေါင်း (၉) ဦး အဖမ်းခံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာခြင်း မရှိချေ။ (၂) ရက်တာကာလအတွင်း ရေဖြူမြို့နယ် ကံပေါက်ဒေသမှ ကုန်စုံဆိုင်ပိုင်ရှင်၊ နာမည်ကြီးစီးပွားရေးလုပ်ငန်းရှင်နှင့် အလုပ်သမားများ စုစုပေါင်း (၉) ဦး ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

ဖမ်းဆီးရာတွင် စစ်တပ်က ၎င်းတို့၏နေအိမ်အထိ လာရောက်ခဲ့ခြင်းဖြစ်ပြီး ဖောက်ခွဲရေးပစ္စည်းများ တွေ့ရှိသည်ဟုဆိုကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

"ဇူလိုင်လ (၁၅) ရက်နေ့ မနက်ပိုင်းကစပြီး သစ်တောလမ်းဆုံမှာ စစ်တပ်က လူတိုင်းကို တင်းတင်းကြပ်ကြပ်စစ်ဆေးမေးမြန်းနေတယ်။ လူငယ် (၁၀) ယောက်ကျော်ကိုလည်း လမ်းဘေးမှာ ဖမ်းထားတယ်။ နောက်ပိုင်းတော့ ပြန်လွှတ်ပေးလိုက်တယ်။ (၂) ရက်အတွင်း ဖမ်းခဲ့တဲ့ လူ (၉) ယောက်ကိုတော့ ဖောက်ခွဲရေးပစ္စည်းများနှင့်ပတ်သက်တယ်ဆိုပြီး စစ်ကောင်စီက စွပ်စွဲထားတာ။ မောရဝတီရေတပ်စခန်းက အရာရှိတွေကိုယ်တိုင် လာပြီး စစ်ဆေးနေတာ" ဟု ဒေသခံလူငယ်တစ်ဦးက ပြောသည်။

ဖမ်းဆီးမှု (၂) မှု ဖြစ်ပွားခဲ့သည်။ ပထမအမှုမှာ ဇူလိုိင်လ (၁၅) ရက်နေ့ ညနေပိုင်းတွင် ဖြစ်ပွားခဲ့ပြီး ရေဖြူမြို့နယ် ကံပေါက်မြို့ မဂ္ဂင်ရပ်ကွက် ကံပေါက်ဈေးမှ ကုန်စုံဆိုင်ပိုင်ရှင်၏ မိသားစုဝင် (၄) ဦးနှင့် အလုပ်သမား (၂) ဦး စုစုပေါင်း (၆) ဦးကို မောရဝတီရေတပ်စခန်းက ဖမ်းဆီးခဲ့သည်။ ဒုတိယအမှုက ဇူလိုင်လ (၁၆) ရက်နေ့ နေ့လည်ပိုင်းတွင် ဖြစ်ပွားခဲ့သည်။ ကံပေါက်တွင် အမျိုးသမီးငယ် (၂) ဦး ထပ်မံဖမ်းဆီးခံလိုက်ရခြင်း ဖြစ်သည်။ ကုန်စုံဆိုင်မှ ဖမ်းဆီးခံရသူများမှာ မိသားစုဝင် (၄) ဦးဖြစ်သည့် ဒေါ်စန်းမြင့်၊ ဒေါ်မီးချို၊ ကိုကျော်ဦးနှင့် ကိုကျော်ကျော်တို့ဖြစ်ပြီး အလုပ်သမား (၂) ဦးမှာ ကိုမင်းသူအောင်နှင့် ကိုအောင်ပိုင်စိုးတို့ ဖြစ်သည်။

၎င်းပြင် ကံပေါက်ရှိ လျှပ်စစ်ပစ္စည်းဆိုင်တစ်ခုသို့ စစ်ကား (၂) စီး ရောက်ရှိလာပြီး ဆိုင်ရှင်၏သမီးဖြစ်သူ အသက် (၃၅) နှစ်ဝန်းကျင် မအေးအေးသူနှင့် ဆိုင်အကူဖြစ်သူ မသဇင်လွင်တို့ကို ဖမ်းဆီးခဲ့ပြန်သည်။

"အဖမ်းခံရသူ (၉) ယောက်က ကုန်စုံဆိုင်က မိသားစုဝင်တွေ၊ သူတို့က အမျိုးတွေ။ အလုပ်သမားတွေကိုလည်း ဖမ်းသွားတယ်။ ဆိုင်ထဲရှိသမျှလူ အကုန်ခေါ်သွားတာ။ ဒေါ်ဒီးဒေါက်ကိုတော့ အိမ်ကနေ ဖမ်းသွားတာ။ သူတို့ရပ်ကွက်က သစ်တောလမ်းမှာ ဖုံးပေါက်လို့ လာဖမ်းတာ" ဟု ဒေသခံတစ်ဦးက ပြောသည်။

ကုန်စုံဆိုင်မှလူများကို ဝင်ရောက်ဖမ်းဆီးချိန်တွင် စစ်တပ်က ကံပေါက်ဈေးနှင့် အထက်တန်းကျောင်းကြားရှိ လမ်းမကို ပိတ်ဆို့ထားခဲ့သည်။

# အရေးပါသည့်တွေ့ရှိချက်များ

1. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံ စားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

2. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေးထုတ်ပြန်ထားသည်။

3. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမတည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

4. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်ကောင်စီ၏လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်ဝင်တစ်အိမ်ထွက် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ကာ ၎င်းတို့အလိုရှိသည့်လူများကို ဖမ်းဆီးနေသည်။

5. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေးနေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

6. မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာအပါအဝင် တစ်နိုင်ငံလုံးတွင် ညှဉ်းပန်းနှိပ်စက်မှုသည် ထမင်းစားရေသောက်သဖွယ် ဖြစ်နေပြီး ကြောက်မက်ဖွယ်ကောင်းသည့် စစ်ကြောရေးဖြစ်စဉ်များကို အပြစ်မဲ့ပြည်သူများက ခက်ခဲပင်ပန်းစွာ ရင်ဆိုင်ဖြတ်သန်းနေရသည်။

7. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာ ဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူးအာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

8. စစ်တပ်က ၎င်းတို့ကျူးလွန်ခဲ့ ကျူးလွန်နေသည့် ရာဇဝတ်မှုများစွာအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေဆဲ ဖြစ်ပြီး အဆိုပါအပြစ်မပေးခံရမှုက လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် အားပေးနေသကဲ့သို့ ဖြစ်နေသည်။

9. စစ်ကောင်စီကြောင့် ကလေးသူငယ်များပါ ပစ်မှတ်ထားခံနေရပြီး ကလေးသူငယ်များမှာ အစားအစာ၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လုံခြုံဘေးကင်းစွာ အသက်ရှင်နေထိုင်မှုစသည့် အခြေခံအခွင့်အရေးများစွာ ဆုံးရှုံးနေသည်။

10. မတရားဖမ်းဆီးထိန်းသိမ်းခြင်းများ ဆက်လက်ဖြစ်ပွားနေပြီး ရှာဖွေဖမ်းဆီးမိန့်(ဝရမ်း)မပါဘဲ ဝင်ရောက်စီးနင်းခြင်း များနှင့် အရပ်သားနေရာများကို ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခြင်းများလည်း ဆက်လက်ဖြစ်ပေါ်နေသည်။

# တိုက်တွန်းတောင်းဆိုမှုများ

**မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက အောက်ပါအခြေအနေများကို ချက်ချင်းအကောင်အထည်ဖော် လုပ်ဆောင်ရန် အထူးတိုက်တွန်းတောင်းဆိုလိုက်သည်။**

1. ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် မြန်မာနိုင်ငံ မြေပြင်ရှိ အခြေအနေကို ချက်ချင်း နိုင်ငံတကာ ရာဇဝတ်ခုံရုံး (the International Criminal Court – ICC) သို့ လွှဲပြောင်းရမည်။

2. ကမ္ဘာ့ခေါင်းဆောင်များ၏ တိကျခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်လူသတ် စစ်ကောင်စီ၏လက်ထဲသို့ လက်နက်များ စီးဝင်ရောက်ရှိခြင်းမရှိစေရန် လက်နက်ရောင်းဝယ်မှု တားမြစ်ချက်ကို ချက်ချင်းအတည်ပြုထောက်ခံရမည်။

3. လေယာဉ်ဆီတင်သွင်းမှုကို တားမြစ်ခြင်းဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည် သူများ၏ အသက်အိုးအိမ်များ ကြီးကြီးမားမားဆုံးရှုံးနေမှုကို ရပ်တန့်စေရမည်။

4. စစ်ကောင်စီ၏ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားပိတ်ဆို့ပြီး ပြည်ပနိုင်ငံများ တွင် အကျင့်ပျက်ခြစားသည့်စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်စေရန် ၎င်းတို့၏ငွေကြေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ထိန်းချုပ်ရမည်။

5. ထိခိုက်လွယ်သည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ကို ပိုမို အားကောင်းလာစေရန်လည်းေကာင်း၊ (လိုအပ်ပါ) လုပ်ငန်းစဉ်အသစ်ပြန်လည်ချမှတ်ရန်လည်းကောင်း လုပ်ဆောင်ရမည်။ ထိုမှတဆင့် နစ်နာသူပြည်သူများက တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုများကို ပြန်လည်ရရှိနိုင်ရမည်။

၆. မြေပြင်လိုအပ်ချက်များကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေးထောက်ပံ့မှုများ ဆက်လက်ထောက်ပံ့ရန်နှင့် ပုံစံအသစ်ဖြင့် ထောက်ပံ့ရန် လုပ်ဆောင်ရမည်။ နယ်စပ်ဖြတ်ကျော် အကူအညီများကိုလည်း ဆက်လက်ပေးအပ်ထားရမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများအားလုံးသည် ဒေသတွင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်ဖြစ်သည်။

၇. နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး လေယာဉ်ကွင်း၊ သဘော်ဆိပ်ကမ်းနှင့် ဘိလပ်မြေလုပ်ငန်းအပါအဝင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းသွားရမည် ဖြစ်သည်။

၈. ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရပြီး မတရားသေဆုံးခဲ့ရသူ အပြစ်မဲ့ပြည်သူများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းပြင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆုိင်ရာ အတိဒုက္ခများကို ထိခိုက်ခံစားခဲ့ရသူများ၊ နာတာရှည်ထိခုိက်ဒဏ်ရာရရှိခဲ့သူများ အတွက်လည်း စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ရမည် ဖြစ်သည်။

# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဇူလိုင်လ ၂၀၂၃

Human Right Foundation of Monland July,2023